အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Friday—Second Morning Session)

Message Five

ဘုရားသခင်၏ကောင်းသောကျေနပ်အားရရာအတွက်
ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်သော အသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ က၊၂၆း၃-၄၊ ၁၂-၃၃။ ဂလ၊၆း၁၈။ ၁ကော၊၁၅း၁၀။ ၂ကော၊၁၂း၇-၁၀။ ဗျာ၊၂၂း၁

I. ဣဇာက်သည် ဘုရားသခင်၏ ကောင်းသောကျေနပ်အားရရာအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ ပုံစံ၊ စံနမူနာ ဖြစ်သည် - က၊၂၄း၃၆။ ၂၅း၃-၄၊ ၁၂-၃၃။ ရော၊၅း၁-၂။ တ၊၄း၃၃။ ၁၁း၂၃။

A. ကျေးဇူးတော်သည် ခရစ်တော်၌ရှိသော ဘုရားသခင်က ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်လာရန်၊ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်နှင့် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ရန် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။ သို့မှသာ ယေရှုရှင်လင်မြို့သစ် ပြီးမြောက်ပြည့်စုံရန် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်း၏အစိတ်အပိုင်း ဖြစ်လာနိုင်မည် ဖြစ်သည် - ယော၊၁၄း၁၆-၁၇။ ဟေဗြဲ၊ ၁၀း၂၉၁။ ၁ကော၊ ၁၅း၁၀။ အည္ဓန်း ဂလာတိ၊ ၂း၂၀။ ၂ကော၊ ၁၃း၁၄။

B. ကျွန်ုပ်တို့၏ လမ်းဆုံးပန်းတိုင်မှာ ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ရန်ဖြစ်သည်။ ဤလမ်းဆုံးပန်းတိုင်သည် ဤကမ္ဘာမတည်မရှိမီကပင် ကြိုတင်မှတ်သားထားခြင်း ဖြစ်သည် - ဧ၊ ၁း၃-၆၊ ၂း၇။

C. အယ်ရှာဒိုင်း၊ အရာအားလုံး ပြည့်စုံလုံလောက်သော ဘုရားသခင်သည် ကိုယ်တော်၏ အကြံအစည်ပြည့်စုံခြင်းအတွက် ကိုယ်တော်ခေါ်တော်မူထားသောသူများကို ကိုယ်တော်၏ဘုရားဆိုင်ရာဖြစ်ခြင်း ကြွယ်ဝခြင်းများဖြင့် မစရန် အရာအားလုံးပြည့်စုံလုံလောက်သော ကျေးဇူးတော်ဖြစ်သည် - က၊၁၇း၁၊ ၂၈း၃။ ၂ကော၊၁၂း၉။ ဖိ၊၁း၉-၂၁က။

II. အာဗြဟံ၏ ဇာတိခွန်အားနှင့် ကိုယ်ပိုင်ကြိုးစားအားထုတ်မှုသည် ဘုရားသခင်အားဖြင့် ဆက်ဆံဖြေရှင်းခံပြီးနောက် ဣဇာက်သည် မွေးဖွားလာခဲ့သည် (က၊၁၇း၁၅-၁၉၊ ၁၈း၁၀-၁၄၊ ၂၁း၁-၇)။ ဤသည်မှာ ဣဇာက်သည် စာရာအားဖြင့် ကိုယ်စားပြုသော ကျေးဇူးတော်မှ မွေးဖွားခြင်းခံရကြောင်း ညွှန်ပြသည် (ဂလ၊ ၄း၂၃-၂၈၊ ၃၁။ ၁ပေ၊၃း၇)။

A. "ယေဟောဝါ မတတ်နိုင်သော အမှုတစ်စုံတစ်ခုရှိသလော။ ချိန်းချက်သော အသက်၏ အချိန်အတိုင်း သင့်ဆီသို့ ငါပြန်လာ၍၊ စာရာသည် သားကို ရလိမ့်မည်ဟု မိန့်တော်မူ၏" - က၊ ၁၈း၁၄။

1. အသက်၏အချိန် (အငယ်၊ ၁၀)၊ ဣဇာက်၏ မွေးဖွားခြင်းအတွက် ချိန်းချက်သောအချိန် (၁၇း၂၁)သည် ဘုရားသခင်၏ အကြည့်အရှုကြွလာသောအချိန် (၂၁း၁) ဖြစ်သည်။
2. ဣဇာက်၏ မွေးဖွားခြင်းမှာ ယေဟောဝါ၏ ကြွလာခြင်း ဖြစ်သည်၊ ၎င်းမှာ ကျေးဇူးတော်၏ ကြွလာခြင်းဖြစ်သည် - ညွှန်း၊ ယော၊၁း၁၇။
3. ဣဇာက်သည် လူ၏ဇာတိအသက် ခွန်အားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင့်ကျေးဇူးတော်၏ ခွန်အားဖြင့် မွေးဖွားခြင်းခံခဲ့ရသည်။ ဤအရာက အာဗြဟံသည် အရေဖျားလှီးခံရကာ သူနှင့် သူ၏ဧနီး စာရာ၏ ဇာတိခွန်အားသည် လုံးလုံး သေဆုံး (က၊ ၁၈း၁၁။ ရော၊ ၄း၁၈-၁၉) ခဲ့ပြီးနောက် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းမှာ ကျွန်ုပ်တို့၏ ဇာတိခွန်အားသည် အဆုံးသတ်သွားခဲ့ပြီးနောက် အသက်၏အချိန်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်လာသောအချိန် ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ပုံဆောင်ထားခြင်းဖြစ်သည်။

B. အာဗြဟံ၏ အသက်တာက ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်၍ ကိုယ်တော်၏ ကြွယ်ဝခြင်းများကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းရှိပါက၊ ကျွန်ုပ်တို့သည် ဆုံးရှုံးခြင်းကို ခံရ၍ ကျွန်ုပ်တို့၏ ဇာတိအသက်ကို

အရေဖျားလှိုးခြင်း၊ ဖြတ်တောက်ခြင်းရှိရမည် ဖြစ်ကြောင်း ပြသသည်။ ကျေးဇူးတော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း၏ ကြီးမားသော နှောင့်ယှက်တားဆီးမှုမှာ အတွေ့ဖြစ်သည် - က၊၁၇း၁၁၊ ၁၉။ ညွှန်း၊ ဖ၊၃း၃။

C. ကွဇာက်၏ အသက်တာက ကျွန်ုပ်တို့၏ ဇာတိအသက်ကို အဆုံးသတ်ရန် ကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခခံရခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဖြစ်ကြောင်း ပြသသည် - ညွှန်း၊ ၂ကော၊၁း၈-၉၊ ၁၂၊ ၁၂း၇-၁၀။ ရော၊ ၅း၁-၅။

III. ကွဇာက်သည် ကျေးဇူးတော်၌ ကြီးထွားလာခဲ့သည်။ ကျေးဇူးတော်၌ ကြီးထွားရန်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အစားအစာနှင့် အသက်ရှင်သောရေအဖြစ် ကျွန်ုပ်တို့အတွက် ခရစ်တော်ဖြစ်သော အရာအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ကြီးထွားရန် ဖြစ်သည် - က၊ ၂၁း၈။ ၂ပေ၊၃း၁၈။ ၁ပေ၊ ၂း၂။ ၁ကော၊၃း၂၊ ၆။ ဧ၊၃း၈၊ ၄း၁၅။

A. ကွဇာက်၏ ကြီးထွားခြင်းသည် ခမ္မသစ်ယုံကြည်သူများ၌ ခရစ်တော်မွေးဖွားပြီးနောက်၊ သူတို့၌ ခရစ်တော်၏ ကြီးထွားလာခြင်းကို ပုံဆောင်သည်။ ကျွန်ုပ်တို့၌ ခရစ်တော်၏ ကြီးထွားခြင်းသည် လိုအပ်သည်၊ သို့မှသာ ခရစ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဌာန်ပေါ်လာနိုင်မည် ဖြစ်သည် - ၁ကော၊ ၃း၆။ ဂလ၊ ၄း၁၉။ ခမ္မသီချင်း #၃၉၅။

B. ကျေးဇူးတော်၏ ဝိညာဉ်တော် (ဟေဗြဲ၊ ၁၀း၂၉)သည် အသက်၏ကျေးဇူးတော် (၁ပေ၊ ၃း၇)၊ ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော် (၄း၁၀)၊ ခပ်သိမ်းသော ကျေးဇူးတော်ကိုပြုတော်မူသော ဘုရားသခင် (၅း၁၀)နှင့် အရာအားလုံး ပြည့်စုံလုံလောက်သော ကျေးဇူးတော် ဖြစ်သည်။ ဤကျေးဇူးတော်သည် ယခု ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူ ရှိသည် (ဂလ၊၆း၁၈)။

C. ကျေးဇူးတော်ကို နေ့ရက်စဉ်တိုင်း လက်ခံရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ အသွေးတော်၊ နှူတ်ကပတ်တော်၊ ဝိညာဉ်တော်နှင့် အသင်းတော်မှတစ်ဆင့် ဖြစ်သည်။

1. ရွေးနုတ်ပေးသော အသွေးတော်၊ ပဋိညာဉ်တရား၏ အသွေး၊ ဘုရားသခင်၏ကိုယ်ပိုင်အသွေးတော်သည် အပြစ်ပြည့်ဝသော၊ ဖောက်ပြန်ပျက်စီးသော လူများကို ဘုရားသခင်၏ ထာဝရမွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ခေါ်ဆောင်ပေးသည် - တ၊ ၂၀း၂၈။ မ၊၂၆း၂၈။ ဝတ်၊ ၁၆း၁၁-၁၆။ ဟေဗြဲ၊ ၁၀း၁၉-၂၀။ ၁ယော၊၁း၇၊ ၉။
2. ကျေးဇူးတော်၏နှူတ်ကပတ်တော်ကို ကျွန်ုပ်တို့သည် စားသုံးနိုင်၍ ကျွန်ုပ်တို့အဖို့ စိတ်နှလုံးဝမ်းမြောက်ရွှင်လန်းစရာအကြောင်း ဖြစ်လာပါသည် - တ၊ ၂၀း၃၂။ ယေ၊ ၁၅း၁၆။ ယော၊၆း၆၃။
3. အဆင်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံခဲ့သော ဘုရားသခင်၏ ကြွယ်ဝစွာမစပေးသော ကျေးဇူးတော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ခရစ်တော်၏ အပေါင်းအဖော်များအဖြစ် ဘိသိက်ပေးခဲ့သည့် ဝမ်းမြောက်ခြင်းဆီ ဖြစ်သည် - ဟေဗြဲ၊ ၁း၉၊ ၁၀း၂၉ခ။ ဇာ၊ ၁း၁၀က။
4. ဘုရားသခင်၏အသင်းတော်သည် ကျွန်ုပ်တို့အား ရေလောင်းရန်နှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရန် ဘုရားသခင်၏သနားခြင်းကရုဏာတော်များမှတစ်ဆင့် ကောင်းကင်များမှ ဆင်းသက်လာသော နှင်းစက်ကဲ့သို့သော ဘုရားသခင်၏သစ်လွင်သော၊ လန်းဆန်းစေသော ကျေးဇူးတော်ကို တွေ့ကြုံခံစားကြသည် - ဆာ၊၁၃၃း၃။ မြည်၊ ၃း၂၂-၂၃။ ၂ကော၊ ၁၃း၁၄။ တ၊ ၁၁း၂၃။

D. ကျေးဇူးတော်ကို နေ့ရက်စဉ်တိုင်း လက်ခံရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ ဝိညာဉ်ထံ လှည့်ပြန်ရန်၊ ဝိညာဉ်လေ့ကျင့်ရန်နှင့် သခင်ဘုရားကို ချီးမြှောက်ရန်ဖြစ်သည် - ဟေဗြဲ၊ ၄း၁၆။ ရော၊ ၅း၁၇၊ ၂၁။ ညွှန်း၊ ဗျာ၊ ၄း၂။

1. ဘုရားသခင်၏ပလ္လင်တော်သည် ကျေးဇူးတော်စီးဆင်းခြင်း၏ အရင်းအမြစ်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို နှန်းတင်ရန် ကျရှုံး၍ နှန်းချသောအချိန်တိုင်း၊ ကျေးဇူးတော်၏စီးဆင်းခြင်းသည် ရပ်တန့်သွားသည် - ၂း၁၁။ ကော၊ ၁း၁၈ခ ။ ဗျာ၊ ၂း၄။ ၁ပေ၊ ၅း၅။
2. ကျွန်ုပ်အတွင်း၌ သခင်ယေရှုကို နှန်းတင်ပါက၊ အသက်မြစ်ရေအဖြစ် ဝိညာဉ်တော်သည် ကျေးဇူးတော်ပလ္လင်မှ ကျွန်ုပ်တို့အား မစရန် စီးထွက်လာလိမ့်မည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို လက်ခံရရှိ၍ ဝမ်းမြောက်ကြလိမ့်မည် ဖြစ်သည် - ဗျာ၊ ၂၂း၁။ ခမ္မသီချင်း E#770။

E. ကျေးဇူးတော်ကို နေ့ရက်စဉ်တိုင်း လက်ခံရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် နည်းလမ်းမှာ သခင်ဘုရားကို ချစ်ရန်၊ မိမိကိုယ်တိုင်ကို သခင်ဘုရားထံသို့ ဆပ်ကပ်အပ်နှံရန်နှင့် အမျိုးမျိုးသော ဆုတောင်းခြင်းတို့ဖြင့် ကိုယ်တော်၏ နူတ်ကပတ်တော်၌ သခင်ဘုရားကို ဆက်သွယ်ရန် ဖြစ်သည် - ၂ကော၊ ၅း၁၄။ ဧဖ၊၆း၂၄။ ဝတ်၊၆း၁-၁၃။ ဧဖ၊၆း၁၇-၁၈။ တ၊ ၂၀း၃၂။

IV. ကျဇာက်သည်လည်း ကျေးဇူးတော်ကို အမွေခံသောသူ ဖြစ်လာသည်။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ကို အမွေခံသောသူများ ဖြစ်ကြပြီး ကျွန်ုပ်တို့အတွက် ကိုယ်တော့်ကို အမွေဆက်ခံရန်လည်းကောင်း၊ ကိုယ်တော့်အတွက် ကျွန်ုပ်တို့အား အမွေဆက်ခံရန်လည်းကောင်း ကျွန်ုပ်တို့၏ အမွေဆက်ခံခြင်း ကတိတော်အဖြစ် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ကြသည် - က၊ ၂၁း၉-၁၂၊ ၂၄း၃၆၊ ၂၅း၅။ ရော၊၈း၁၇။ တ၊ ၂၆း၁၈။ ဧ၊၁း၁၁၊ ၁၄၊ ၁၈။

A. ကျဇာက်သည် သူ၏ ဖခင်ထံမှ အရာအားလုံးကို အမွေဆက်ခံခဲ့သည် (က၊ ၂၄း၃၆၊ ၂၅း၅)။ ဓမ္မသစ်ကျမ်း၌ ခေါ်ခြင်းခံရသော ယုံကြည်သူများအားလုံးသည် ဘုရားသခင်၏ အခြေအနေပေါ်မူမတည်သော၊ လုံးလုံးအပြည့်အဝဖြစ်သော ကျေးဇူးတော်ကို အမွေခံရသောသူများဖြစ်ကြပြီး ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားဆိုင်ရာ ပြည့်ဝသော ကြွယ်ဝခြင်းများအားလုံးကို အမွေဆက်ခံခြင်းဖြစ်သည် (ဧ၊ ၁း၃၊ ၆၊ ၃း၈၊ ၁၉)။

B. ကျဇာက်က ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင် မည်သည့်အရာကိုမျှ မလုပ်ဆောင်ဆောင်ခြင်း သို့မဟုတ် မိမိတို့ကိုယ်တိုင် မည်သည့်အရာကိုမျှ ရှာဖွေခြင်းမရှိကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ကျဇာက်သည် အာဗြဟံ၌ရှိသော အရာခပ်သိမ်းကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်၊ ယင်းမှာ ခမည်းတော်၏ အရာခပ်သိမ်းကို ပုံဆောင်ခြင်းဖြစ်သည် - က၊ ၂၄း၃၆၊ ၂၅း၅။

C. ကျဇာက်၏ ဘုရားသခင်ကို သိကျွမ်းခြင်းမှာ တစ်ခုတည်းသော အရာကိုသာ ဆိုလိုသည်။ ထိုအရာမှာ ဘုရားသခင်အား မစ ထောက်ပံ့သူအဖြစ် သိကျွမ်းခြင်းနှင့် အရာခပ်သိမ်းသည် ကိုယ်တော်ထံမှလာခြင်းဖြစ်သည်ကို သိကျွမ်းခြင်း ဖြစ်သည်။ ၎င်းက အရာခပ်သိမ်းသည် လက်ခံရရှိခြင်းအားဖြင့် ရောက်ရှိလာသည်ဟုလည်း ဆိုလို၍ ထိုလက်ခံရရှိခြင်းသည် အောင်နိုင်ခြင်း၏ လှုံ့ဆော်ချက်ဖြစ်သည် - ဧ၊ ၁း၃။ ဖိ၊ ၁း၁၉။ ယော၊ ၁း၁၆။ ရော၊ ၅း၁၇၊ ၈း၂။

V. ကျဇာက်သည် ကျေးဇူးတော်၌ နာခံခဲ့သည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်၌ နာခံသောအချိန်တိုင်း၊ ဘုရားသခင်၏ မစပြင်ဆင်ပေးခြင်းကို တွေ့ကြုံလိမ့်မည် ဖြစ်သည် - က၊ ၂၂း၅-၁၀။ ယော၊ ၁း၁၇။

A. ဘုရားသခင်၏ ကျေးဇူးတော်သည် ခွန်အားကြီး၍ ကျွန်ုပ်တို့အား မည်သည့်အရာကိုမဆို သည်းခံနိုင်စေသည် - ၂တိ၊ ၂း၁။

B. ကျေးဇူးတော်သည် အရာအားလုံးအပေါ် အစိုးရသည် - ရော၊ ၅း၂၁။ ဟေဗြ၊ ၄း၁၆။

C. ပညတ်တရားသို့ ပြန်သွားခြင်းမှာ ဤကျေးဇူးတော်ကို ငြင်းပယ်ခြင်း၊ ဤကျေးဇူးတော်ကို ပယ်ဖျက်ခြင်းနှင့် ကျေးဇူးတော်မှ ရွေ့လျော့ခြင်း ဖြစ်သည် - ဂလ၊ ၂း၂၁၊ ၅း၄။ ညွှန်း၊ က၊ ၁၆း၁၆၊ ၁၇း၁။

1. ကျေးဇူးတော်မှ ရွေ့လျော့ခြင်းမှာ အချည်းနှီးဖြစ်ခြင်းသို့ ခေါ်ဆောင်သွားခြင်း၊ အချည်းနှီးဖြစ်သွားခြင်း၊ ခရစ်တော်မှ ကွာသွားခြင်းနှင့် ခရစ်တော်မှ အကျိုးအမြတ်များအားလုံးကို ဆုံးရှုံးခြင်းဖြစ်သည် - ညွှန်း၊ ယော၊ ၁၅း၄-၅။
2. ကျွန်ုပ်တို့သည် ပညတ်တရား သို့မဟုတ် အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ခြင်း ကဲ့သို့သော ခရစ်တော်မှအပ အခြားသော မည်သည့်အရာဆီသို့မဆိုသွား၍ ကိုယ်တော်အား အချိန်တိုင်း မွေ့လျော်ဝမ်းမြောက်ရန် ခရစ်တော်၌ ကပ်တွယ်နေခြင်း မရှိပါက၊ ခရစ်တော်အား ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းသည် သိမ်းယူခြင်းခံရလိမ့်မည် - ညွှန်း၊ ကော၊ ၂း၁၈။

D. ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မြဲမြံခြင်းရှိရန် လိုအပ်သည်၊ ၎င်းမှာ ကျေးဇူးတော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ပဋိညာဉ်သစ်၌ တည်ရှိနေရန်ဖြစ်သည် - ဟေဗြ၊ ၁၃း၉။ ဂလ၊ ၅း၄။

VI. ကျဇာက်သည် အဆတစ်ရာသော ရိတ်သိမ်းခြင်းကို လက်ခံရရှိခဲ့၍ ''သူသည် ကြွယ်ဝလာရုံမက၊ သာ၍ ကြွယ်ဝပြည့်စုံလျက်၊ အလွန်ကြွယ်ဝခြင်းသို့ ရောက်လေ၏'' - က၊ ၂၆း၁၂-၁၄။

A. ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကောင်းသောမြေဖြစ်ရမည်၊ သို့မှသာ ဘုရားသခင့်ကျေးဇူးတော်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၌ လွတ်လပ်စွာ ကြီးထွားလာ၍ အဆတစ်ရာသော အသီးအနှံကို ယူဆောင်လာမည် ဖြစ်သည် - လု၊ ၈း၈၊ ၁၁၊ ၁၅။ တ၊ ၂၀း၃၂။

B. ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားသခင်ကိုယ်တော်တိုင်၏ ကြွယ်ဝခြင်းများဖြစ်သော ဘုရားသခင့် ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့သည် အစဉ်မပြတ် လက်ခံရရှိရန် လိုအပ်သည် - ရော၊ ၅း၁၇။ ယော၊ ၁း၁၆။ ၈၊ ၁း၇၊ ၂း၇။

VII. ကြောက်သည် သူသွားခဲ့သော နေရာတိုင်း (က၊ ၂၅း၁၁၊ ၂၆း၁၅-၂၅၊ ၃၃)တွင် ဘုရားသခင်၏ အခြေအနေပေါ်မူမတည်သော ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ခဲ့၍ ဝမ်းမြောက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းတို့ကို ရှာဖွေတွေ့ရှိခဲ့သော်လည်း (ရေတွင်းအားဖြင့်ပုံဆောင်သော) ဗေရရှေဘအရပ်သည် ဘုရားသခင်၏ ပေါ်ထွန်းတော်မူခြင်းကို တွေ့ကြုံခံစားခဲ့သော၊ ကိုယ်တော်၏ ကတိတော်ကို လက်ခံရရှိခဲ့သော၊ ယဇ်ပလ္လင်ကို တည်ခဲ့သော၊ သခင်ဘုရား၏နာမတော်ကို ခေါ်ဆိုခဲ့သော၊ သက်သေခံချက်အဖြစ် တဲတော်ကို တည်ဆောက်ခဲ့သည့် တုန်ရှိုင်းရာမဲ့သော နေရာဖြစ်ခဲ့ပါသည်။

A. ဘုရားသခင်ခေါ်တော်မူခြင်းကို ခံရသောသူများက သူတို့၏ ရပ်တည်ချက်သည် မည်သို့ပင်ရှိစေကာမူ ဘုရားသခင်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ရန် ကြိုတင်မှတ်သားခံရပြီးဖြစ်သည်။ သို့သော် ဤမွေ့လျော်ဝမ်းမြောက်ခြင်းသည် သူတို့၏ ရပ်တည်ချက်ကို မှန်ကန်ကြောင်း သက်သေမပြနိုင်ပါ။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပေါ်ထွန်းတော်မူခြင်းရှိရန်၊ ကိုယ်တော်၏ ကတိတော်များကို အမွေခံရန်နှင့် ကိုယ်တော်၏ ထာဝရအကြံစည်တော် ပြီးမြောက်ပြည့်စုံရန်အတွက် အသက်ရှင်နေထိုင်ရန် ဆန္ဒရှိပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင် ရွေးချယ်ထားသော တုန်ရှိုင်းရာမဲ့သောနေရာသို့ လာ၍ ထိုနေရာ၌ တည်ရှိနေကြရမည် ဖြစ်သည်။

C. ဤတုန်ရှိုင်းရာမဲ့သောနေရာသည် အသက်မစရာအတွက် ရေတွင်းနှင့် ကြွယ်ဝသော အသက်၏ စီးဆင်းခြင်းကို ဖော်ပြသည့် မန်ကျည်းပင်ရှိရာ ဗေရရှေဘအရပ်ဖြင့် ပုံဆောင်ထားသည် - အင၊ ၂၃-၂၄။ ၂၁း၂၅၊ ၃၃။

VIII. ကြောက်သည် ကောင်းသောမြေနှင့် တုန်ရှိုင်းရာမရှိသော မျိုးစေ့နှင့်စပ်လျဉ်း၍ ဘုရားသခင်က သူ၏ဖခင်အား ပေးခဲ့သော ကတိတော်ကို အမွေဆက်ခံခဲ့သည်၊ ၎င်းမှာ ခရစ်တော်ဖြစ်သည်၊ ထိုခရစ်တော်၌ မြေကြီးပေါ်ရှိ လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည် - ၂၆း၃-၅။ ဂလာ၊ ၃း၁၄၊ ၁၆။

A. နောက်ဆုံးသော အာဒံအဖြစ် အာဗြဟံ၏ ကောင်းချီးမင်္ဂလာဖြစ်သော (ကောင်းသောမြေ၏စစ်မှန်ခြင်း)၊ အာဗြဟံ၏ တုန်ရှိုင်းရာမရှိသော မျိုးစေ့သည် ခရစ်တော်၏ ယုံကြည်သူများကို အာဗြဟံ၏ စုပေါင်းထားသော မျိုးစေ့ဖြစ်လာစေရန် မိမိကိုယ်တော်တိုင်ကို သူတို့အထဲသို့ ဝင်ဖြန့်ဖြူးရန်အတွက် အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာခဲ့သည် - အင၊ ၁၄၊ ၁၆၊ ၂၉။ ၁ကော၊၁၅း၄၅ခ။ ယော၊ ၁၂း၂၄။ ဟေရှာ၊ ၅၃း၁၀။

B. ဤကတိတော်သည် ဘုရားသခင်၏ အကြံစည်တော် ပြီးမြောက်ပြည့်စုံရန်အတွက် ဖြစ်သည်၊ သို့မှသာ ဘုရားသခင်သည် စုပေါင်းထားသောလူများမှတစ်ဆင့် သူကိုယ်တော်တိုင်ကို ထင်ရှားပြသရန် မြေကြီးပေါ်တွင် နိုင်ငံတော်ရှိလာနိုင်မည် ဖြစ်သည် - က၊ ၁း၂၆။ မာ၊၄း၂၆။ ဒံ၊ ၂း၃၄-၃၅။

C. ကျေးဇူးတော်ကို ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းမှတစ်ဆင့် ဘုရားသခင်၏ နိုင်ငံတော်သည် ပြီးမြောက်ပြည့်စုံ၍ ခရစ်တော်၌ရှိသော ဘုရားသခင်သည် ထာဝရကာလပတ်လုံး ပြည့်ဝစွာ ထင်ရှားပြသနိုင်လိမ့်မည်ဖြစ်သည် - ဗျာ၊ ၂၂း၃။ ၈၊ ၂း၁၀။

© 2026 Living Stream Ministry